# အမျိုးသားများ၊ အမျိုးသမီးများနှင့်သမ္မာကျမ်းစာ၏ ညီမျှခြင်း

## သမ္မာကျမ်းစာ၏ညီမျှခြင်းအတွက်ခရစ်ယာန်များ

ဖန်ဆင်းခြင်းနှင့်ရွေးနှုတ်ခြင်းတွင် သမ္မာကျမ်းစာက အမျိုးသားများနှင့်အမျိုးသမီးတို့၏ ပြည့်စုံသောညီမျှခြင်း အကြောင်းများ သွန်သင်သည်။ (ကမ္ဘာ၊ ၁း၂၆-၂၈၊ ၂း၂၃၊ ၅း ၁-၂ ။ ၁ ကော၊ ၁၁း၁၁-၁၂၊ ဂလာ ၃း၁၃နှင့် ၂၈၊ ၅း၁)။

ဘုရားရှင်က ပြီးပြည့်စုံပြီး၊ တန်ခိုးနဲ့ပြည့်ဝသော နှုတ်ကပတ်တော်ထဲမှာ သူ့ကိုယ်သူဖွင့်ပြပါတယ်။ (မ၊ ၅း၁၈၊ ယော ၁၀း၃၅၊ ၂ တိ၊ ၃း၁၆၊ ၂ ပေ ၁း ၂၀-၂၁)။ ကျွန်ုပ်တို့ဟာ ကျမ်းစာကိုသမိုင်းကြောင်းအရဖြစ်စေ၊ အဓိကအချက်ထားရှိ၍ဖြစ်စေ၊ အနက်အဓိပ္ပါယ်ဖွင့်ဆိုနိုင်ကြောင်း ယုံကြည်ကြပါတယ်။ ဝိညာဉ်ခွန်အားကို ရရှိခြင်းနှင့်အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့ ကွဲပြားခြားနားကြောင်းကိုလည်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ဝိညာဉ်ခွန်အားကို ရရှိခြင်းဟုဆိုရာ၌ ကျမ်းဘောင်သွင်းထားပြီးဖြစ်သော ကျမ်းစာတစ်ခုလုံးသည်ဘုရား၏ နှုတ်ကပတ်အတော်အဖြစ် သိရှိလက်ခံရန် ဘုရား၏လှုံ့ဆော်တို့ထိမှုနှင့် အုပ်စိုးလွှမ်းမိုးမှုတို့နှင့် ဆက်စပ်ပါသည်။ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းဟုဆိုရာတွင်ဝိညာဉ်တော်ဘုရား၏ လမ်းပြပို့ဆောင်မှုနှင့်ကျမ်းစာ၏ ပြီးပြည့်စုံခြင်းအားဖြင့်သဟဇာတရှိစွာ ဖွင့်ပြထားသော သမ္မာတရားကို လူသားများ၏ရှာဖွေမှုနှင့် ဆက်နွယ်ပါသည်။ ထို့ကြောင့်မှန်ကန်သော သမ္မာကျမ်းစာ (သို့)သမ္မာကျမ်းစာကိုမှန်ကန်စွာသိရှိဖို့ရန် ခရစ်ယာန်များကငင်းကျမ်းစာ၏ မီးမှောင်းထိုးပြမှုအောက်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့်ကျင့်သုံးခြင်းကို အစဉ်တစိုက်လေ့လာသုံးသပ်ရန် လိုအပ်လှပါသည်။

## ကျမ်းစာ၏အမှန်တရားများ

### ဖန်ဆင်းခြင်း

၁။ ကျမ်းစာကဘုရား၏ ပုံသဏ္ဍာန်အတိုင်းဖန်ဆင်းထားသော လူယောကျာ်းနှင့်လူမိန်းမတို့သည် ဘုရားနှင့်တိုက်ရိုက်ဆက်နွယ်နိုင်မှုရှိပြီး၊ ကလေးများကိုမွေးဖွားခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့၌လည်း ညီတူညီမျှတာဝန်ရှိကြသည်။ အခြားဖန်ဆင်းထားသော အရာများအပေါ်၌လည်း ညီတူညီမျှအုပ်စိုးပိုင်ခွင့်ရှိကြသည်။ (ကမ္ဘာ၊ ၁း၁၆-၂၈)

၂။ ကျမ်းစာက အမျိုးသမီးနှင့်အမျိုးသားတွေဟာ ပြည့်စုံပြီးညီမျှသောအထောက်အမဖြင့် ဘုရားကဖန်ဆင်းထားသည်။ ကမ္ဘာဦးကျမ်း ၂း၁၈ ရှိအမျိုးသမီးပုံစံရှိသော ကူညီထောက်ပံ့သူ အီဇာ(ezer)သည် ဓမ္မဟောင်းကျမ်းတွင် ဘုရားကို သာဓကအားဖြင့် ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်။ (ဥပမာ၊ ၁ရာ၊ ၇း၁၂၊ ဆာ ၁၂၁း ၁-၂)။ ကူညီထောက်ပံ့သူဟူသောစကားလုံးသည် အမျိုးသမီး၏အဆင့်နိမ့်ကျခြင်း၊ လက်အောက်ငယ်သားကဲ့သို့ဖြစ်ခြင်း ဟူသောအဓိပ္ပါယ်များအဖြစ်သတ်မှတ်၍ မရနိုင်ကြောင်းလည်းတွေ့ရသည်။

၃။ ကျမ်းစာက အမျိုးသားထံမှအမျိုးသမီးကို ဖြစ်စေသည်ဟုဆိုရာတွင်လည်း လူသားနှစ်ရပ်လုံး၏ ညီညွတ်ခြင်းနှင့် ညီမျှမှုရှိခြင်း သဘောကိုဆောင်ပါသည်။ (ကမ္ဘာ၊ ၂း၂၁-၂၃)။ ကမ္ဘာဦးကျမ်း ၂း၁၈နှင့် ၂၀တွင် တွေ့ရသော

"သင့်လျော်သော" (Kenegdo) စကားလုံးသည် ညီမျှမှုရှိခြင်းနှင့်လိုလောက်ခြင်း သဘောကိုဆောင်သည်။

၄။ ကျမ်းစာက အမျိုးသားနှင့်အမျိုးသမီးသည် လူသားကျဆုံးမှုတွင်အပြစ်ကိုအတူတကွ ကျူးလွန်ခဲ့ကြသူများအဖြစ် သွန်သင်သည်။ ဧဝသည်အာဒံထက်ပို၍ အပြစ်ကြီးသူအဖြစ်မဖော်ပြပါ။ (ကမ္ဘာ ၃း၆၊ ရော ၅း၁၂-၂၁)၊ ၁ကော၊ ၁၅း၂၁-၂၂)

၅။ ကျမ်းစာက ဧဝအပေါ် အာဒံ၏အုပ်စိုးလွှမ်းမိုးမှုသည် လူသား၏ကျဆုံးမှု၏ အကျိုးရလဒ်တစ်ခုဖြစ်ပြီး ဘုရား၏ ဖန်ဆင်းခြင်းနှင့် လုံးဝမပတ်သက်ကြောင်း သွန်သင်ပါသည်။ ကမ္ဘာ ၃း၁၆ တွင်ဖော်ပြထားသောအချက်သည် လူသားကျဆုံးမှု၏ အကျိုးဆက်တစ်ခုဖြစ်ပြီး ဘုရား၏စံနှုန်းသက်မှတ်ထားခြင်းမဟုတ်ပါ။

## ရွေးနှုတ်ခြင်း

၆။ ကျမ်းစာက ယေရှုခရစ်တော်ဟာ အမျိုးသမီးနှင့်အမျိုးသားကို ရွေးနှုတ်ကယ်တင်ဖို့ ကြွဆင်းလာသည်ဟု သွန်သင်ပါသည်။ ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့အားလုံးသည် ဘုရား၏သားသမီးများ ဖြစ်ခြင်းအခွင့် ကိုရရှိသည်။ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ကယ်တင်ခြင်းဆုကျေးဇူးကို အမွေဆက်ခံပိုင်ခွင့်တို့ရရှိကြ သည်။ ၎င်းအရာများသည် လူမျိုးရေး၊ လူမှုရေး (သို့မဟုတ်) လိင်ခွဲခြားမှုတို့နှင့် လားလားမျှ မသက်ဆိုင်ကြောင်း သွန်သင်သည်။ (ယော ၁း၁၂-၁၃၊ ရော၊ ၈း၁၄-၁၇၊ ၂ကော၊ ၅း၁၇၊ ဂ၊ ၃း၂၆-၂၈)။

## လူ့အသိုင်းအဝိုင်း

၇။ ကျမ်းစာက ပင်တေကုတ္တေနေ့တွင် အမျိုးသားများနှင့် အမျိုးသမီးများထံသို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွ သည်ဟုသွန်သင်သည်။ သန့်ရှင်းသောဝိညာဉ်တော်ဟာ အမျိုးသမီးများနှင့်အမျိုးသားများထဲတွင် ခွဲခြားမှုတစ်စုံတစ်ရာ မရှိဘဲ ကိန်းဝပ်တော်မူတယ်။ ဘယ်ယောကျာ်း၊ မိန်းမကို ဦးစားပေးမှုမပြုဘဲ ဆုကျေးဇူးတော်တွေပေးတယ် (က၊ ၂း၁-၂၁၊ ၁ကော၊ ၁၂း၇ နှင့် ၁၁၊ ၁၄း၃၁)

၈။ ကျမ်းစာက အမျိုးသမီးနှင့်အမျိုးသားကို ၎င်းတို့၏ ဝိညာဉ်ဆုကျေးဇူးများ ကြီးပွားတိုးတက်ဖို့နှင့် ၎င်းတို့ကို ဘုရား၏အမှုတော်မြတ်ထဲမှာ အစေခံရာ၌အသုံးပြုဖို့ သွန်သင်တယ် (၁ပေ၊ ၄း၁၀-၁၁) အမျိုးသားများနှင့်အမျိုးသမီး များဟာ ဘုရားရှင်အားဖြင့် ဆုကျေးဇူးများခံစားရရှိပြီး သူ့ရဲ့အခွင့်အာဏာအောက်မှာ ခရစ်တော်ခန္ဓာကိုယ်တည်းဟူ သောအသင်းတော်၌ အစေခံအမှုဆောင်ဖို့အပ်နှင်းထားပါတယ်။ (တ၊ ၁း၁၄၊ ၁၈း၂၆၊ ၂၁း၉၊ ရော ၁၆း၁-၇၊ ၁၂-၁၃၊ ၁၅၊ ဖိလပ္ပိ ၄း၂-၃၊ ကော ၄း၁၅) (မာ၊ ၁၅း၄၀း၄၁၊ ၁၆း၁-၇၊ လု၊ ၈း၁-၃၊ ယော၊ ၂၀း၁၇-၁၈တို့ကို လည်းကြည့်ပါ။) (တရား ၄း၄-၁၄၊ ၅း၇၊ ယော ၃၄း၁၂-၂၈၊ သု၊ ၃၁း၁၀-၃၁၊ မိက္ခာ ၆း၄ တို့နှင့်နှိုင်းယှဉ်ပါ)

၉။ ဓမ္မသစ်ကျမ်းက အမျိုးသမီးနှင့်အမျိုးသားသည် ပရောဖက်ဉာဏ်နှင့်သော်လည်းကောင်း၊ ယစ်ပုရောဟိတ်နှင့် ဆိုင်သောလုပ်ငန်းများကိုသော်လည်းကောင်း၊ အုပ်ဖွဲ့သောအရာတို့ကိုသော်လည်းကောင်း လုပ်ဆောင်ကြရန်သွန်သင် သည်။ (တ၊ ၂း၁၇-၁၈၊ ၂၁း၉၊ ၁ ကော၊ ၁၁း၅၊ ၁ပေ၊ ၂း၉-၁၀၊ ဗျာ၊ ၁း၆၊ ၅း၁၀)။ ထို့ကြောင့်အမျိုးသမီးများ

ပြည့်စုံသောရွေးနုတ်ခြင်းဆိုင်ရာ လွတ်လပ်ခြင်းကိုကန့်သတ်ထားသယောင်ဖြစ်သော ကျမ်းချက်အနည်းငယ်က ကျမ်းစာတစ်အုပ်လုံး၏အဓိပ္ပါယ်ကို ပျောက်ပျယ်မသွားစေဘဲ ကျမ်းစာ၏နက်နဲကျယ်ပြန့်သောအဓိပ္ပါယ်နှင့်ရေခံမြေခံ အနေအထားကို လေ့လာရန်လိုအပ်လှသည်။(၁ကော၊ ၁၁း၂-၁၆၊၁၄း၃၃-၃၆၊ ၁တိ၊ ၂း၉-၁၅)

၁၀။ ကျမ်းစာက ခေါင်းဆောင်မှုလုပ်ငန်းကို အခြားသူများအား သြဇာအာဏာဖြင့်အုပ်စိုးခြင်းထက် ခွန်အားနှင့် စိတ်ချယုံကြည်မှုကိုပေးခြင်းဟု အဓိပ္ပါယ်ဖွင့်သည်။ (မ၊ ၂၀း၂၅-၂၈၊ ၂၃း၈၊ မာ၊ ၁၀း၄၂-၄၅၊ ယော၊ ၁၃း၁၃-၁၇၊ ဂလာ ၅း၁၃၊ ၁ပေ၊ ၅း၂-၃)

## မိသားစု

၁၁။ ကျမ်းစာက ခင်ပွန်းသည်နှင့်ဇနီးသည်တို့သည် အသက်ဟူသောကျေးဇူးတော်ကို အတူတကွခံစားရရှိကြပြီး အပြန်အလှန်ပြုစုခြင်း၊ အပြန်အလှန်တာဝန်ရှိခြင်းရှိကြောင်း သွန်သင်သည်။ (၁ကော၊ ၇း၃-၅၊ ဧ၊ ၅း၂၁၊ ၁ပေ၊ ၃း၁-၇၊ က ၂း၁၂)။ ခင်ပွန်းသည် (သို့) လင်ယောကျာ်း၏တာဝန်သည် “ဦးခေါင်း” ဖြစ်သည်ဆိုရာ၌ တစ်ယောက်ကို တစ်ယောက်နှိမ့်ချခြင်းဖြင့် (Kephale) မိမိကိုယ်ကိုပေးဆပ်သော ချစ်ခြင်းမေတ္တာနှင့်ပေးဆပ်မှုကို ဆိုလိုသည်။ (ဧ ၅း၂၁-၃၃၊ ကော၊ ၃း၁၉၊ ၁ပေ၊ ၃း၇)

၁၂။ ကျမ်းစာက မိခင်များနှင့်ဖခင်များတို့သည် မိမိတို့၏သားသမီးများကို ပြုစုပျိုးထောင်ခြင်း၊ လေ့ကျင့်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ပေးခြင်း၊ သွန်သင်ခြင်းတို့၌ အတူတကွဦးဆောင်ကြရန် သွန်သင်သည်။ (ထွ၊ ၂၀း၁၂၊ ဝတ်၊ ၁၉း၃၊ တရားဟော ၆း၆-၉၊ ၂၁း၁၈-၂၁၊ ၂၇း၁၆း၁၃၊ ၁း၈၊ ၆း၂၀၊ ဧ၊ ၆း၁-၄၊ ကော၊ ၃း၂၀၊ ၂တိ၊ ၁း၅၊ လု၊ ၂း၅ ကိုလည်းကြည့်)

## ဘဝအသက်တာ၌အသုံးပြုခြင်း

## အသိုင်းအဝိုင်း

၁။ အသင်းတော်ထဲတွင် အမျိုးသားများနှင့်အမျိုးသမီးတို့၏ ဝိညာဉ်ဆုကျေးဇူးများကို အခန်းကဏ္ဍနှင့်အဆင့် အတန်းအားလုံးရှိ အစေခံခြင်းနှင့်သင်ကြားခြင်းအမှုတော်မြတ်တို့၌ အသိအမှတ်ပြုခံရဖို့၊ တိုးတက်ဖို့နှင့်အသုံး ပြုခံရဖို့လိုအပ်ပါသည်။ အမျိုးသား၊အမျိုးသမီးတို့သည် အဖွဲ့ငယ်များ၏ခေါင်းဆောင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပံ့ပိုးကူညီမစသူများ၊ စီမံခန့်ခွဲသူများ၊ ကြိုဆိုနှုတ်ဆက်သူများ၊ ပွဲတော်မင်္ဂလာထဲ၌ကူညီသူများနှင့် ဂေါပကဖွဲ့ဝင်များ အဖြစ် သင်းအုပ်ဆိုင်ရာပြုစုစောင့်ရှောက်ခြင်း၊ သင်ကြားခြင်း၊ ဟောပြောခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းတို့၌ ခွဲခြားမှု မရှိဘဲ အတူတကွပါဝင်ဆက်ကပ်နိုင်ရန် အရေးကြီးပါသည်။

ဤသို့လုပ်ဆောင်ခြင်းဖြင့် မိမိတို့၏ဝိညာဉ်ဆုကျေးဇူးများအားဖြင့် ဘုရား၏ဘုန်းကိုထင်ရှားစေသည်။ အသင်း တော်သည် ဘုရားစေခိုင်းသောအလုပ်များကို အစေခံဆက်လက်ရာ၌ အသင်းတော်လူဦးရေ၏ ထက်ဝက်မျှရှိသော အမျိုးသမီးတို့အားတာဝန်ခွဲဝေပေးခြင်းဖြင့် ဘုရားရှင်ခန့်အပ်သောလုပ်ငန်းများကို ပြည့်စုံစေနိုင်ပါသည်။

၂။ အသင်းတော်ကအစေခံခြင်းနှင့် ခေါင်းဆောင်ခြင်းအမှုတော်လုပ်ငန်းတွင် အမျိုးသမီးနှင့်အမျိုးသားတို့အား တန်းတူ အသိအမှတ်ပြုလက်ခံပါသည်။

ဤသို့လုပ်ဆောင်ခြင်းဖြင့်အသင်းတော်သည် ခရစ်တော်ကိုယုံကြည်သူများ အသိုင်းအဝိုင်းအတွင်း၌စည်းလုံးမှုနှင့် ညီညွတ်ခြင်းကိုဖြစ်ပေါ်စေသည်။ အမျိုးသမီးဖြစ်ခြင်းသည် နိမ့်ကျသည်ဟုခံယူခြင်းဖြင့် ခွဲခြားဆက်မှုနှင့်သီးခြားထား၍ထုတ်ပယ်မှုကို ဖြစ်ပေါ်စေသည့်အတွက် အသင်းတော်ကလက်မခံဘဲ ရှုံ့ချသင့်သည်။ ၎င်းအချက်ကအမျိုးသမီးများ၏ယုံကြည်ခြင်းပျက်ပြားမှုနှင့် အသင်းတော်အတွင်း၌မပါဝင်လိုခြင်း၊ အသင်းတော်သို့မလာရောက်လိုခြင်းများမဖြစ်ပေါ်ရန်ကာကွယ်ထိန်းသိမ်းပြီး ဖြစ်ပါလိမ့်မည်။

**<u>မိသားစု</u>**

ခရစ်ယာန်အိမ်ထောင်တွင် ခင်ပွန်းသည်နှင့်ဇနီးသည်တို့သည် တစ်ဦးနှင့်တစ်ဦးနားလည်အလျော့ပေးလျှက်နှစ်သက်မြတ်နိုးသောအရာ၊ လိုအင်ဆန္ဒနှင့်ရည်ရွယ်ချက်တို့ကို ညှိနှိုင်းဖြည့်စွက်ကာအသက်ရှင်ကြရန်ဖြစ်သည်။ နှိမ့်ချသောအသက်တာဖြင့် အသက်ရှင်လျှက်တစ်ဦးကိုတစ်ဦး အုပ်စိုးချယ်လှယ်မှုမပြုဘဲအစေခံကဲ့သို့ပြုမူအသက်ရှင်ရန်လည်းလိုအပ်ပါသည်။ အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း မိမိဆန္ဒကိုရှေ့တန်းမတင်ဘဲသမ္မာကျမ်းစာက ဖော်ပြသော ဖြေရှင်းချက်များကို အသက်တာတွင်အသုံးပြုခြင်းဖြင့် ချသင့်ပါသည်။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် ခရစ်ယာန်အိမ်ထောင်တွင် ခင်ပွန်းသည်နှင့်ဇနီးတို့သည် တစ်ဦးပေါ်တစ်ဦးဩဇာအာဏာကိုအလွဲသုံးစားမပြုတော့ခြင်း၊ ခင်ပွန်းသည်၏အိမ်ဦးနတ်အယူအဆကြောင့် ဇနီးသည်နှင့်ကလေးများကိုအလွဲသုံးစား ပြုလုပ်ညှဉ်းဆဲစော်ကားနှိပ်စက်ခြင်းတို့မှလည်း ကာကွယ်ရာရောက်ပေလိမ့်မည်။

၄။ ခရစ်ယာန်အိမ်ထောင်တွင် ခင်ပွန်းသည်နှင့်ဇနီးသည်တို့သည် မိမိတို့၏ဆုကျေးဇူးနှင့် ကျွမ်းကျင်တတ်သိမှုတို့အား တစ်ဦးကိုတစ်ဦးဝေမျှသင်ယူလျှက် အိမ်ထောင်၏ဆုံးဖြတ်ချက်များကိုလည်း စဉ်းစားဆင်ခြင်ကာဆုံးဖြတ်ချက်ချနိုင်ကြပေလိမ့်မည်။

ထိုသို့အားဖြင့် လင်မယားတို့သည် တစ်ဦး၏စွမ်းရည်နှင့်အရည်အချင်းများကို တစ်ဦးကလေးစားလျှက် အလုပ်တစ်ခုကို ပိုမိုတွင်ကျယ်စွာလုပ်ဆောင်နိုင်ပေလိမ့်မည်။ ဤအချက်က အစွန်းရောက်ခြင်း၊ အတ္တကြီးခြင်း၊ တစ်ဦးပေါ်တစ်ဦးအနိုင်ယူလိုခြင်းတို့မှ ကာကွယ်ပေးနိုင်ပါသည်။ တစ်ဦးနှင့်တစ်ဦးဘဝကြင်ဖော်အဖြစ်လက်တွဲအသက် ရှင်ခြင်းက အိမ်ထောင်ပြိုကွဲခြင်းနှင့် အခြားမတရားသောအပြစ်တို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

၅။ ခရစ်ယာန်အိမ်ထောင်တွင် ဇနီးမောင်နှံတို့သည် ခရစ်တော်ထံမှရရှိသောလွတ်လပ်ခြင်းဖြင့် အသက်ရှင်ကြပြီး ဟန်ဆောင်ခြင်းနှင့်အပြစ်ရှိသည်ဟု ခံယူခြင်းတို့မှလွတ်မြောက်စေသည်။ သမ္မာကျမ်းစာအရမဟုတ်ဘဲ မိရိုးဖလာအရ လက်ခံကျင့်သုံးခဲ့သောအယူအဆများမှလည်း လွတ်မြောက်ပြီး၊ ခရစ်တော်၌အပြန်အလှန်ဝတ္တရားများဖြင့် ပေးဆပ်အသက်ရှင်ခြင်းဖြင့် အသက်ရှင်လာကြမည်။ ထိုသို့အားဖြင့် သူတို့သည်သမ္မာကျမ်းစာကိုနာခံခြင်း၌ လွတ်လပ်စွာ

ထုတ်ဖေါ်ကြလျှက် ခရစ်တော်ထံမှရရှိသောလွတ်လပ်ခြင်းဖြင့် အခြားသောဇနီးမောင်နှံများရှေ့၌လည်း စံပြဇနီးမောင်နှံအဖြစ်အသက်ရှင်နိုင်လာကာ အသင်းတော်နှင့်မိသားစုများထဲတွင်ရှိခဲ့သော စိုးမိုးချယ်လှယ်ခြင်းနှင့်မတရားအနိဌာရုံတို့မှလည်း ဧကန်မုချလွတ်မြောက်လာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည်ဤစာထဲတွင်ဖော်ပြထားသကဲ့သို့ သမ္မာ ကျမ်းစာ၏ညီမျှခြင်းဟာ သမ္မာကျမ်းစာ၏မှန်ကန်ခြင်းကို ဖော်ပြခြင်းဖြစ်သည်။

သမ္မာကျမ်းစာ၏ပြီးပြည့်စုံခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုကျေးဇူးများကိုရရှိကြပြီး အမျိုးသမီးများနှင့်အမျိုးသားတို့အတွက် အမှုတော်မြတ်ကိုထမ်းရွက်အစေခံဖို့ရန် အထိရောက်ဆုံးသောနည်းလမ်းမှာလွတ်မြောက်ခြင်းကိုပေးသော နှုတ်ကပတ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့အတူတကွ ယုံကြည်ကြသည်။

ဂဲလ်ဘတ်လီလက်ဇီကီယန်
စတဲန်လီအဲန်ဂန်ဒရီ
ကတ်သရင်းကလပ်ကရိုအီဂါ
ဂိုဂါနီးကိုလ်

ဒဗလျူဝဒ်ဂစ်က်
ဂရက်ချဲန် ဂေးဘလိန်းဟူးလ်
ဂျိုးအဲန်နီလီယွန်

**Christians for Biblical Equality**
122 West Franklin Avenue, Suite 610,
Minneapolis, MN 55404-2426
Phone: **(612) 872-6898**
Email: **cbe@cbeinternational.org**
**www.cbeinternational.org**